ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

သောင်ကြီးကျေးရွာ၊သောင်ကြီးကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ.......................................................................................................၂

၂။သောင်ကြီးအုပ်စုမြေပုံ ...........................................................................................................၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း......................................................၄

၄။ကျေးရွာအခြေခံအချက်အလက်များ.......................................................................................... ၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်.................. ၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. ၇

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .....................၂၀

၈။ကျေးရွာကော်မတီစာရင်း...........................................................................................................၂၃


၉။ပုံစံ-စ၁။ကျေးရွာအချက်အလက်.....................................................................................................၂၄

၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်..........................................................................၂၇

၁၁။အစည်းအဝေးမှတ်တမ်းများ.........................................................................................................၃၀

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)..............................................၃၅

# ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ သောင်ကြီးကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ သောင်ကြီးကျေးရွာ

၄။ ကျေးရွာအခြေခံအချက်အလက်များ

## ၁။ ကျေးရွာသမိုင်းအကျဉ်း

သောင်ကြီးကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၄)မိုင်ခန့်ကွာဝေးပြီး ကား၊ဆိုင်ကယ်တို့ဖြင့်တစ်နေရာမှတစ်နေရာသို့သွားကြသောရွာတစ်ရွာဖြစ်ပါသည်။ သောင်ကြီးကျေးရွာတွင်လူဦးရေ(၇၈၅)ဦးရှိပြီးအိမ်ထောင်စုမှာ(၂၁၅)ရှိပါသည်။ဗမာလူမျိုးအများစုနှင့်ဟိန္ဒူလူမျိုးစုအနည်းငယ်နေထိုင်ပါသည်။ ဗမာဦးရေ(၇၆၅)ဦးရှိပြီး ဟိန္ဒူဦးရေ(၃၀)ရှိပါသည်။ သောင်ကြီးကျေးရွာကို (၂၈၀၇)ခုနှစ်မှစတင်တည်ထောင်ခဲ့ပါသည်။ရေလုပ်ငန်းနှင့်လယ်ယာလုပ်ငန်းအများဆုံးလုပ်ကိုင်ကြသည်။ကျေးရွာ၏အဓိကဝင်ငွေမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ခြင်းမှရရှိပါသည်။ စာသင်ကျောင်းတစ်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလည်းရှိပါသည်။ ကျေးလက်ဆေးပေးခန်းမရှိသေးပေ။ ကျေးရွာတွင် သောက်ရေကန်(၂)ကန်ရှိပြီးမီးရရှိခြင်းတော့မရှိသေးပေ။အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့်လည်းအများစုမှာစားဝတ်နေရေးပြေလည်ခြင်းမရှိကြပါ။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၃၀ | ၁၂ | ၁၈ | ၃၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂ | ၇ | ၁၅ | ၂၂ |
| မြေယာမဲ့ | ၃၀ | ၁၅ | ၁၈ | ၃၃ |
| မသန်စွမ်း | ၅ | ၃ | ၂ | ၅ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | စျေးရောင်း | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ခွျေလှေ့စက် | ရေလုပ်ငန်း |
| | ဘဲ | ဆန်စက် | |
| | ဆိတ် | | |
| | | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၀၂၀ | ၅ | - | - | -/၂ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | စျေးဆိုင် |
| အရေအတွက် | ၁ | ၃၀ | ၁ | ၅ | - | ၆ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | ၁၈၁ | ၁၅ | - | ၃၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၃၀ | ၃၈ | ၁၀ | ၁၀၁ | ၄ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (Social Map/Resource Map) | ၂၂-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၀ | ၅ | ၁၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၂၂-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၅ | ၁၄ | ၁၉ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း(Wealth Ranking) | ၂၂-၁-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၆ | ၇ | ၁၃ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများ နှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၂-၁-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၈ | ၇ | ၁၅ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၂၄-၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၄ | ၇ | ၁၁ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | အရင်းအမြစ် ထိမ်းချုပ်မှုနှင့် သုံးစွဲမှု | ၂၄-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၅ | ၆ | ၁၁ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


### ၁။ ကျေးရွာလူမှုရေး၊ အရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်




**သုံးသပ်ချက်**

သောင်ကြီးကျေးရွာတွင် လူဦးရေ(၇၉၇)ဦးရှိပြီး အိမ်ထောင်စုမှာ(၂၁၅)ခု ရှိပါသည်။ သောင်ကြီးကျေးရွာ၏ မြောက်ဘက်တွင်ဆက်သွယ်ရေးလမ်းမကြီးနှင့်ပေါက်တောဘုန်းတော်ကြီးကျောင်းရှိပြီး အရှေ့ဘက်နှင့် တောင်ဘက်တွင် မှော်ဂန်းချောင်းရှိပါသည်။ ကျေးရွာအနောက်ဘက်တွင်လည်း ဘုန်းတော်ကြီးကျောင်းရှိပါသည်။သောင်ကြီးကျေးရွာတွင်ရေကန်(၂)ကန်၊စက်ရေတွင်း(၁)တွင်း၊စာသင်ကျောင်း(၁)ကျောင်း၊ ဟိန္ဒူဘုရားကျောင်းတစ်ကျောင်းရှိပါသည်။ သောင်ကြီးကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို လုပ်ကိုင်ကြပါသည်။ ဗမာလူမျိုးအများစုနှင့် ဟိန္ဒူလူမျိုးအနည်းငယ်နေထိုင်ကြပါသည်။ ပထမနှစ်စက်ဝန်းတွင် ကျေးရွာတွင်းလမ်းများကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ ယခုနှစ် ဒုတိယနှစ်စက်ဝန်းတွင် ကျန်ရှိနေသော ကျေးရွာကွန်ကရစ်လမ်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## ၂။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)



သောင်ကြီးကျေးရွာအုပ်စု၊ သောင်ကြီးကျေးရွာ

ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်

၁၄ . ၁၁ . ၂၀၁၇ ပါဝင်ဆွေးနွေးသူ-ကျား(၁၁)၊ မ(၁၃)၊ ပေါင်း(၂၄)ယောက်

| အမျိုးအစား | သတ်မှတ်ချက်များ/ညွှန်းကိန်း | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော မိသားစု | လယ်(၅၀)အထက်၊ ထွန်စက်၊ ခြွေလှေ့စက်၊ နွား၊ ဆိုင်ကယ်၊ TV ရိတ်စက်၊ သွပ်မိုးပျဉ်ကာ၊ ဖုန်း | ၄၅ | ၂၁% |
| အလယ်အလတ် မိသားစု | ပိုက်၊ လှေ၊ ဓနိမိုး ပျဉ်ကာ၊ TV ဆိုင်ကယ်၊ စက်ဘီး၊ မီးစက်၊ မြေပိုင်၊ ဖုန်း | ၇၀ | ၃၃% |
| နွမ်းပါးသော မိသားစု | စက်ဘီး၊ ဓနိမိုး ဓနိကာ၊ မြေပိုင် မရှိ၊ လက်လုပ်လက်စား၊ | ၁၀၀ | ၄၆% |
| စုစုပေါင်း | - | ၂၁၅ | ၁၀၀% |

**သုံးသပ်ချက်**


သောင်ကြီးကျေးရွာတွင် ချမ်းသာသောမိသားစု၊ အလည်အလတ်ပြေလည်သောမိသားစု၊ နွမ်းပါးသောမိသားစုဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။

ချမ်းသာသောမိသားစုတွင် အိမ်ထောင်စု ( ၄၅) စု၊ ရာခိုင်နှုန်းအားဖြင့် ( ၂၁% ) ရှိပါသည်။ ၎င်းမိသားစုများမှာ လယ်မြေ( ၅၀)ကေ အထက်၊ လယ်ထွန်စက်၊ ခြွေလှေ့စက်၊ နွား၊ ဆိုင်ကယ်၊ တီဗွီ၊ ရိတ်သိမ်းခြွေလှေ့စက်၊ သွပ်မိုးပျဉ်ကာအိမ်၊ ဖုန်းများ ပိုင်ဆိုင်ကြပါသည်။

အလယ်အလတ်မိသားစုများမှာ အိမ်ထောင်စု ( ၇၀) ၊ ရာခိုင်နှုန်းအားဖြင့် ( ၃၃% ) ရှိပါသည်။ ၎င်းမိသားစုများသည် ပိုက်၊ လှေ၊ ဓနိမိုး ပျဉ်ကာအိမ်၊ တီဗွီ ၊ ဆိုင်ကယ် ၊ စက်ဘီး၊ မီးစက် ၊ ကိုယ်ပိုင်အိမ်ခြံ ၊ ဖုန်းများပိုင်ဆိုင်ကြပါသည်။

နွမ်းပါးသောမိသားစုများမှာ အိမ်ထောင်စု ( ၁၀၀ ) စု၊ ရာခိုင်နှုန်းအားဖြင့် ( ၄၆%)ရှိပါသည်။ ၎င်းတို့မိသားစုများသည် ဓနိမိုး ဓနိကာအိမ်၊ ကိုယ်ပိုင်အိမ်ခြံမြေမရှိခြင်း၊ စက်ဘီး များသာပိုင်ဆိုင်ကြပြီး လက်လုပ်လက်စားများဖြစ်ကြပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်




**သုံးသပ်ချက်**

**ရာသီဥတု** - တန်ခူး၊ ကဆုန်တွင်ရာသီဥတုသာယာကာ နယုန်၊ ဂါဆို၊ ဂါခေါင်၊ တော်သလင်းလများတွင် မိုးများသည်းထန်စွာရွာသွန်း၍သီတင်းကျွတ်၊တန်ဆောင်မုန်းလများတွင်မိုးအနည်းငယ်သာရွာပါသည်။နတ်တော်၊ပြာသို၊တပို့တွဲ၊တပေါင်းလများတွင်အနည်းငယ်အေး၍ရာသီဥတုသာယာပါသည်။

**စိုက်ပျိုးရေး** - နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ တော်သလင်း၊ သီတင်းကျွတ်လများတွင် စပါးရိတ်သိမ်းကြပါသည်။စပါးရိတ်သိမ်းပြီးချိန်တွင်ပဲတီစိမ်းများကိုသီးထပ်စိုက်ပျိုးကြပါသည်။

**ကျန်းမာရေး** -ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သောနာစေးခြင်း၊ချောင်းဆိုးခြင်းတို့ဖြစ်လေ့ရှိပါသည်။

**လမ်းပန်းဆက်သွယ်ရေး-** အချို့နေရာများတွင်မိုးရာသီ၌သွားလာရာခက်ခဲသောနေရာများရှိနေပါသည်။

**ပွဲတော်များ** - တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တပေါင်းလတွင် ဘုရားပွဲတော်များကျင်းပကြပါသည်။

**ဝင်ငွေ** - သီတင်းကျွတ်၊တန်ဆောင်မုန်း၊ တပိုတွဲ၊ တပေါင်းလများတွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေအသင့်အတင့်ရှိသော်လည်း ကျန်လများတွင်နေ့စားလုပ်ငန်းများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဝင်ငွေမှာ နည်းပါးပါသည်။

**ရေလုပ်ငန်း** -ရေလုပ်ငန်းကို တန်ခူး၊ ကဆုန်၊ နယုန်၊ဂါဆို၊ဂါခေါင်တွင်ရေလုပ်ငန်းကိုလုပ်ကိုင်သူများသည်။

**အစာရေစာဖူလုံမှု** -ကျေးရွာအတွက်အစာရေစာဖူလုံမှုတွင်လည်းအသင့်အတင့်အနေအထားတွင်ရှိပါသည်။

**သောက်သုံးရေရရှိမှု** -သောက်သုံးရေရရှိမှုတွင်လည်း လုံလောက်သောအနေအထားတွင်ရှိသည်။

## ၄။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်



## သုံးသပ်ချက်

ကျေးရွာအတွင်းအဖွဲ့အစည်းများတွင်အုပ်ချုပ်ရေးမှူးနှင့်ကျောင်းကော်မတီ၊ပရဟိတအဖွဲ့တို့သည်ကျေးရွာ၏ပညာရေးမြင့်မားလာအောင်ပူးပေါင်းဆောင်ရွက်ပေးကြပြီးအမျိုးသမီးများ၏အခက်အခဲများကိုပါဖြေရှင်းပေးပါသည်။ကျေးရွာလူထု၊ဂေါပကအဖွဲ့တို့သည်ကျေးရွာဘာသာရေး၊သာသနာရေးရေရှည်တည်တံ့စေရန်ဆောင်ရွက်ကြပါသည်။မြစိမ်းရောင်နှင့်ပတ်မြန်မာအဖွဲ့အစည်းများသည်ကျေးရွာ၏စီးပွားရေးလုပ်ငန်းများအားတိုးချဲ့လုပ်ဆောင်နိုင်ရန်အထောက်ပံ့ပေးခြင်းနှင့်ကျေးရွာ၏အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ်ထုတ်ချေးထားသည်ကိုတွေ့ရှိရပါသည်။နာရေးကူညီမှု၊အမျိုးသား/သမီးအဖွဲ့၊လူမှုရေးအသင်း၊အကျိုးတော်ဆောင်အဖွဲ့၊ဖျော်ဖြေရေးအဖွဲ့တို့သည်လည်းကျေးရွာ၏သာရေး၊နာရေးကိစ္စများတွင်ကူညီပေးသည်။ လူထုဗဟိုပြုစီမံကိန်း အထောက် အကူပြု ကော်မတီ သည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်း များကို ကျေးရွာလူထု ၊ ကျေးရွာရှိအဖွဲ့အစည်းများနှင့်အတူ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သောမြို့နယ်ထွေအုပ်၊မြို့နယ်ရဲစခန်း၊မြစိမ်းရောင်၊ပတ်မြန်မာ၊စိုက်ပျိုးရေးဘက်၊သမဘက်၊ငါးဦးစီးဌာန၊မြေစာရင်းဌာန၊ကျန်းမာရေးအဖွဲ့တို့သည်ကျေးရွာအဖွဲ့အစည်းများနှင့်လည်း ကဏ္ဍအသီးသီးတွင်ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။ ကျေးလက်ဦးစီးနှင့် မြို့နယ်လူထုဗဟိုပြုစီမံကိန်းတို့သည် ကျေးရွာနှင့်ချိတ်ဆက်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်လျက် ရှိပါသည်။

## ၅။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



## သုံးသပ်ချက်

**အိမ်မှုကိစ္စ** အမျိုးသားများသည်အိမ်မှုကိစ္စများတွင် ( ၆၀%)၊ အမျိုးသမီးများက ( ၁၀၀%)ရှိကြောင်းတွေ့ရှိရပါသည်။ အမျိုးသားများက အိမ်မှုကိစ္စများတွင် ပါဝင်လုပ်ဆောင်နေသည်ကိုတွေ့ရှိရပါသည်။

**ဝင်ငွေရရှိမှု** အမျိုးသားများကဝင်ငွေရရှိမှုတွင် ( ၉၅% ) ရှိပြီး၊ အမျိုးသမီးများက (၆၀%) ရှိပါသည်။ ယခင်နှစ်များထက် အမျိုးသမီးများက ဝင်ငွေရရှိမှုပိုမို လာကြောင်းတွေ့ရပါသည်။

**ဦးဆောင်နိုင်မှု** အမျိုးသားများက ဦးဆောင်နိုင်မှုတွင် ရာနှုန်းပြည့်ရှိကြပြီး၊ အမျိုးသမီးများက (၆၀%) သာရှိကြောင်းတွေ့ရှိရပါသည်။ ယခင်ကကျေးရွာအဖွဲ့အစည်းများတွင် အမျိုးသမီးများဦးဆောင်နိုင်မှုအခွင့်အလမ်းနည်းပါးပြီး အမျိုးသမီးများသည် အိမ်မှုကိစ္စများကိုသာလုပ်ကိုင်နေရပါသည်။ ယခုအခါ အမျိုးသမီးများသည် ဦးဆောင်နိုင်မှု အခွင့်အလမ်းများ ရရှိလာပါသည်။

**ပညာရေး** အမျိုးသားများသည်ပညာသင်ကြားနိုင်မှု အခွင့်အလမ်း ( ၆၀%) ရှိပြီး၊ အမျိုးသမီးများသည် ( ၅၀%)သာရှိကြောင်းတွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားများသည် ပြင်ပစီးပွားရေးလုပ်ငန်းများ ကိုလုပ်ကိုင်ကြသူများဖြစ်သဖြင့် ပညာသင်ကြားခွင့် အခွင့်အရေးပိုမိုရရှိကြောင်း သိရှိရပါသည်။

**အရင်းအမြစ်အသုံးချမှု** ကျေးရွာအတွင်းရှိ အရင်းအမြစ်များကိုအသုံးပြုရာတွင် အမျိုးသားများက (၉၀%)ရှိကြပြီး၊ အမျိုးသမီးများက ( ၆၀%) ရှိကြောင်းသိရှိရပါသည်။ လယ်ယာလုပ်ငန်းများ၊ ရေလုပ်ငန်းများ လုပ်ဆောင်ရသောကြောင့် အမျိုးသားများကထိရောက်စွာ အသုံးချခြင်းကြောင့်ဖြစ်ပါသည်။

**လူမှုရေးပါဝင်မှု** ကျေးရွာ၏လူမှုရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ရာတွင်အမျိုးသားများက ( ၆၀%) ရှိပြီး၊ အမျိုးသမီးများက ( ၈၀%) ထိပါဝင်ကြောင်း တွေ့ရှိရပါသည်။ အမျိုးသားများက ပြင်ပစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသဖြင့် လူမှုရေးလုပ်ငန်းများ တွင်ပါဝင်မှုအနည်းငယ် အားနည်းနေသည်ကို တွေ့ရှိရပါသည်။

**ဆုံးဖြတ်ချက်ချနိုင်မှု** ကျေးရွာ၏ဆုံးဖြတ်ချက်ချရမည့် လုပ်ငန်းများတွင် ဆုံးဖြတ်ချက်ချရာ အမျိုးသားများက ( ၁၀၀%)ရှိပြီး၊ အမျိုးသမီးများက (၅၀%)သာပါဝင်ကြောင်း သိရှိရပါသည်။ အစည်းအဝေးများတွင် အမျိုးသမီးများ တက်ရောက်ကြသော်လည်း ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများကသာ ဦးဆောင်နေကြကြောင်းတွေ့ရပါသည်။ ယခင်ထက် အမျိုးသမီးများ ဆုံးဖြတ်ချက်ချရာမှာ ပိုမိုရရှိလာသည်ကိုလည်း တွေ့ရှိရပါသည်။

## ၆။ အရင်းအမြစ်ထိန်းချုပ်မှု၊ သုံးစွဲမှု နှင့် သုံးသပ်ချက်






**သုံးသပ်ချက်**

**ထိန်းချုပ်မှု** -ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော စက်လှေ၊ လယ်ထွန်စက်၊ ချွေလှေ့စက်၊ ရေတွင်း၊ လက်သမားပစ္စည်း၊လယ်ယာမြေ စသည်တို့ကိုအမျိုးသားများက ထိန်းချုပ်ထားပါသည်။ အိုးခွက်/ပန်းကန်၊ အပ်ချုပ်စက်၊ မီးဖို၊ ရွှေ တို့ကို အမျိုးသမီးများကထိန်းချုပ်ထားပါသည်။ ဆိုင်ကယ်၊ ဖုန်း၊ တီဗွီစသည်တို့ကို အမျိုးသား/အမျိုးသမီးတို့ကထိန်းချုပ်ထားသည်။

**အသုံးပြုမှု** -ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော စက်လှေ၊ထွန်စက်၊ ချွေလှေ့စက်၊ ရေတွင်း၊ လက်သမားပစ္စည်းများ၊လယ်ယာမြေ၊ စသည်တို့ကိုအမျိုးသားများအသုံးပြုပြီး

အပ်ချုပ်စက်၊အိုးခွက်ပန်းကန်၊ မီးဖို ၊ရွှေ တို့ကို အမျိုးသမီးများသာ အသုံးပြုကာ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ ဆိုင်ကယ်၊ စက်ဘီး၊ တီဗွီ၊ ဖုန်း၊ လယ်တို့ကို အသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာတတ်ရောက်ရန်ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေး တိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန်ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကိုလွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင်အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသောလုပ်ငန်းတစ်ခုပါဝင်ရမည်ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများအကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်းလူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများဖြစ်ပါက တူညီသော လုပ်ငန်းအတွက်တူညီသောလုပ်အားခများပေးချေရမည် ကိုလည်းပြောကြားခဲ့ပါသည်။ စီမံကိန်း၏ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကိုထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပြီး အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ် အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန် အတွက်အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍အခက်အခဲများ ဖော်ထုတ်ခြင်း၊ မျှော်မှန်းချက်များ ဖော်ထုတ်ပေးခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းခွဲများ ထွက်ရှိလာသည်အထိ လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၁၈.၁၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် | √ | | |

| | | | | |
|---|---|---|---|---|
| | ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသား၊ အမျိုးသမီးများ မှတ်တမ်းဓါတ်ပုံ



အမျိုးသား၊ အမျိုးသမီးအဖွဲ့များလူမှုဆန်းမှု မှတ်တမ်းတင်ဓါတ်ပုံ။



လုပ်ငန်းခွဲမစတင်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲမစတင်မီ မှတ်တမ်းဓါတ်ပုံ

### ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးသိန်းဇော်ထွန်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်သဇင်ဖြူ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးဇော်ဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးကျော်မင်းထွန်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်မြင့်ကျင် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးအေးမြင့်နိုင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်ခင်ဆန်းမြင့် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးဂင်းအောင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်ကြည်အေး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဦးစိုးသန်း | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်စန်းစန်းမော် | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးဂင်းသန်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်မြင့်သိန်း | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဦးရဲလွင်ဦး | ကျား | ငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၄) ယောက်     ကျား(၈)ယောက်+မ(၆)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးသိန်းဇော်ထွန်း     ကျေးရွာအုပ်စုစီကိန်းအထောက်အကူပြုကော်မတီ၊ဥက္ကဌ

၂။ဒေါ်ခင်အေးဝင်း     ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

၃။ဒေါ်သဇင်ဖြူ     ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဥက္ကဌ

၄။ဦးမြင့်မော်     ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင်

၅။ဦးလှကြည်     ဘဏ္ဍာရေးဆပ်ကော်မတီ၊ အဖွဲ့ဂင်

၆။ ဦးမင်းအောင်     အုပ်စုအဖွဲ့ဂင်

၇။ဒေါ်ငွေငွေဦး     အုပ်စုအဖွဲ့ဂင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်မျိုးသန္တာထွန်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၁၄./၁၁/ ၂၀၁၇

# ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း [illegible] လူထုစည်းရုံးရေးမှူးမှ [illegible] Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးသန်းကျော်စိုး | 09-796277840 | ဒေါ်မျိုးသန္တာထွန်း |
| ပြည်နယ်၊တိုင်းဒေသကြီး ရန်ကုန် မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု ဘောင်ကြီး | ကျေးရွာ ဘောင်ကြီး |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၁၈၅ | ဘာသာ (၁) -ဗုဒ္ဓ------ | ၁၈၅ |
| လူမျိုးစု (၂) ---ဟိန္ဒူ--- | ၃၀ | ဘာသာ (၂) ---ဟိန္ဒူ--- | ၃၀ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၅ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၇၉၇ | ၃၇၀ | ၄၂၇ |
| လူမျိုးစု (၁)--ဗမာ-- | ၃၃၀ | ၃၇၀ |
| လူမျိုးစု (၂)--ဟိန္ဒူ | ၄၀ | ၅၇ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၃၇၇ | ၃၈ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| [illegible] | ☐ | [illegible] | ☐ | စေတီ | ☑ |
| [illegible] | [illegible] | [illegible] | [illegible] | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား _______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(ဃ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မြစိမ်းရောင် (၃) ဂေါပက (၅) ကာလသား အဖွဲ့.

(၂) ပက်မြန်မာ (၄) နာရေးကူညီမှု (၆) လူထုဗဟိုပြုစီမံကိန်း အဖွဲ့.

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးသန်းကျော်စိုး |
| | လက်မှတ် [signature] နေ့စွဲ ၁၀.၁၁.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်ချိုသန္တာထွန်း |
| | လက်မှတ် [signature] နေ့စွဲ ၁၀.၁၁.၂၀၁၇ |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်မျိုးသန္တာထွန်း | | | |
| နေ့စွဲ ၁၀.၁၁.၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ရန်ကုန် | မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု သောင်ကြီး | ကျေးရွာ သောင်ကြီး |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | သွားရေးလာရေး အခက်အခဲ | ၁ | သောက်သုံးရေ အခက်အခဲ |
| ၂ | စာသင်ကျောင်း ခြံစည်းရိုး မကောင်းသော အခက်အခဲ | ၂ | သွားရေးလာရေး အခက်အခဲ |
| ၃ | ရွာအဝင်လမ်းမကောင်းသော အခက်အခဲ | ၃ | စာကြည့်တိုက် မရှိခြင်း အခက်အခဲ |
| ၄ | သောက်သုံးရေ အခက်အခဲ | ၄ | ခန်းမဆောင် မရှိခြင်း အခက်အခဲ |
| ၅ | စာကြည့်တိုက် မရှိခြင်း အခက်အခဲ | ၅ | လျှပ်စစ်မီး အခက်အခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများကောင်းမွန်လာရမည် | ၁ | သောက်သုံးရေပေါများလာရမည် |
| ၂ | ရွာအဝင်လမ်းကောင်းမွန်လာရမည် | ၂ | ရွာတွင်းလမ်းများကောင်းမွန်လာရမည် |
| ၃ | စာကြည့်တိုက်ရှိလာရမည် | ၃ | ရွာအဝင်လမ်းကောင်းမွန်လာရမည် |
| ၄ | သောက်သုံးရေလုံလောက်ရမည် | ၄ | စာကြည့်တိုက်ရှိလာရမည် |
| ၅ | စာသင်ကျောင်း ခြံစည်းရိုး ကောင်းမွန်လာရမည် | ၅ | အမျိုးသမီးနှင့်ဆိုင်သော သင်တန်းများ ရှိလာရမည် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းများခင်းရန် | က + မ | ၂၀,၀၀၀,၀၀၀ | ၇၆၇ |
| ၂ | လျှပ်စစ်မီးရရှိရန် | က + မ | ၇,၀၀၀,၀၀၀ | ၇၆၇ |
| ၃ | ကျောင်းခြံစည်းရိုးပြင်ရန် | က + မ | ၆,၀၀၀,၀၀၀ | ၇၆၇ |
| ၄ | ရွာအဝင်လမ်းခင်းရန် | က + မ | ၂၀,၀၀၀,၀၀၀ | ၇၆၇ |
| ၅ | စက်ရေတွင်းတူးခြင်း | က + မ | ၅,၀၀၀,၀၀၀ | ၇၆၇ |
| ၆ | ကျေးရွာခန်းမဆောင် | က + မ | ၉,၀၀၀,၀၀၀ | ၇၆၇ |
| ၇ | ကျောင်းစာကြည့်တိုက် | က + မ | ၁၅၀,၀၀,၀၀၀ | ၇၆၇ |

| ...သားအဖွဲ့မှ တင်ပြသော ...်အခဲ အတားအဆီးများ | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ |
| --- | --- |
| လျှပ်စစ်မီး မရှိသော အခက်အခဲ | ၆။ ငွေကြေးအရင်းအနှီး အခက်အခဲ |

| ဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ | အခန်းကဏ္ဍ |
|---|---|---|---|
| ၄ | တစ်နိုင်တစ်ပိုင် မွေးမြူရေး နည်းပညာ နှင့် အရင်းနှီး (ကြက်၊ ဝက်၊ ဆိတ်) ထောက်ပံ့ပေးရန် | က + မ | အသက်မွေးဝမ်းကြောင်း |
| ၅ | ငါးမွေးမြူရေးအတွက် ငါးကန်များ တူးဖော်ရရှိရန် | က | 〃 |
| ၆ | ငါးမွေးမြူရေး နည်းပညာနှင့် ငွေကြေးအထောက်အပံ့ များရရှိရန် | က | 〃 |
| ၇ | စက်ချုပ်သင်တန်း နှင့် ငွေကြေးအထောက်အပံ့များ ရရှိရန် | မ | 〃 |
| ၈ | လက်သမားသင်တန်း နှင့် ငွေကြေးအထောက်အပံ့ များ ရရှိရန် | က | 〃 |
| ၉ | ကွန်ပျူတာသင်တန်း နှင့် ငွေကြေးအထောက်အပံ့ များ ရရှိရန် | က+မ | 〃 |
| ၁၀ | စက်ပြင်သင်တန်း နှင့် ငွေကြေးအထောက်အပံ့ များ ရရှိရန် | က+မ | 〃 |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးလယ်ယာသုံး စက်ကိရိယာများ ထောက်ပံ့ပေးရန် | က | |
| ၂ | စိုက်ပျိုးရေး နည်းပညာ / ငွေကြေးများ ထောက်ပံ့ပေးရန် | က | |
| ၃ | စပါးမျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးရန် | က | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်---ဦးသိန်းဇော်ထွန်း လက်မှတ်---[signature]--- နေ့စွဲ---၁၀.၁၁.၁၈---

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် သောင်ကြီး

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁။ | စိုက်ပျိုးရေး လယ်ယာသုံး စက်ကိရိယာများ ထောက်ပံ့ပေးရန် | ☐ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃။ | စိုက်ပျိုးရေး နည်းပညာ/ငွေ များ ထောက်ပံ့ပေးရန် | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅။ | စပါး မျိုးကောင်း မျိုးသန့်များ ထောက်ပံ့ပေးရန် | ☐ မ ☑ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

လူထုဗဟိုပြုစီမံကိန်း
ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်
<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

ရှ်ကျေးရွာ ........ သောင်ကြီး ........
ကျေးရွာအုပ်စု ........ သောင်ကြီး ........
အစည်းအဝေးပြုလုပ်သည့်နေရာ ........ သောင်ကြီးရွာ စာသင်ကျောင်း ........
အစည်းအဝေးပြုလုပ်သည့်နေ့ရက် ........ ၁၀.၁၁.၂၀၁၇ ........
အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ........ ကျေးရွာပထမအကြိမ်အစည်းအဝေး (ဒုတိယနှစ်စက်ဝန်း) ........

အစည်းအဝေး တက်ရောက်သူဦးရေ ။ ကျား ( ၄၅ ) ဦး + မ ( ၆၈ ) ဦး = ( ၁၁၃ ) ဦး
ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

အစည်းအဝေး ပြုလုပ်ချိန် ။ ။ နံနက် (၁၀:၀၀) နာရီ

ဆွေးနွေးချက်(၁)။ ။ လူထုစည်းရုံးရေးမှူး ဒေါ်ဗျိုးသဇ္ဇာထွန်းသည် ကျေးရွာသူ/သား များအား စီမံကိန်း၏ ရည်ရွယ်ချက်၊ မိတ်ဆက် (၁၅) ချက်အား ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် စီမံကိန်းစက်ဝန်း အပိုင်း (၆) ပိုင်း၊ အဆင့် (၁၄) ဆင့် အား အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။ စီမံကိန်းတွင် အဓိက တာဝန်ရှိသူများနှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို အစည်းအဝေး တက်ရောက်သူ ကျေးရွာလူထုအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ကျေးရွာစေတနာ့ဝန်ထမ်းနေရာအား ပထမနှစ်စက်ဝန်းတွင် ရွေးချယ်တင်မြှောက်ခဲ့သူ ဦးဝင်းသန်းနှင့် ဒေါ်မြင့်သိန်း တို့အား ကျေးရွာလူထုမှ ဒုတိယနှစ်စက်ဝန်း အတွက် ပြန်လည်တာဝန်ထမ်းဆောင်ရန် သဘောတူညီကြပြီး ကာယကံရှင်များမှလည်း ဆက်လုပ်ကိုင်မည်ဟု သဘောတူညီကြသဖြင့် ပြန်လည်

ဆွေးနွေးချက် (၁)။ ။ ရွေးချယ်ခြင်း မရှိဘဲ ပထမနှစ် အတိုင်း အတည်ပြုခဲ့ပါသည်။

ဆွေးနွေးချက် (၂)။ ။ ကျေးရွာမှ အစည်းအဝေး တက်ရောက်သူများအား အဖွဲ့များခွဲ၍ လူမှုဆန်းစစ်မှု (၆) ခုအား ပြုလုပ်ခဲ့ကြပါသည်။

ဆုံးဖြတ်ချက်။ ။ ကျေးရွာစေတနာ့ဝန်ထမ်းအား ပထမနှစ် စက်ဝန်းတွင် ရွေးချယ်တင်မြှောက်ခဲ့သူ (၂) ဦးအား ပြန်လည်၍ တာဝန်ပေးရန် သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

အစည်းအဝေးကို နေ့လည် (၂း၃၀) တွင် ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်သဇင်မြ
ဘဏ္ဍာရေးအုပ်ကော်မတီ
ဥက္ကဋ္ဌ

လူထုဖဟိုပြုစီမံကိန်း
ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်
<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

ဇုကျေးရွာ ............ သောင်ကြီး ............
ကျေးရွာအုပ်စု ............ သောင်ကြီး ............
အစည်းအဝေးပြုလုပ်သည့်နေရာ ............ သောင်ကြီးကျေးရွာစာသင်ကျောင်း
အစည်းအဝေးပြုလုပ်သည့်နေ့ရက် ............ ၁၀.၁၁.၂၀၁၄ ............
အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ............ ကျေးရွာဒုတိယအကြိမ်အစည်းအဝေး
(ဒုတိယနှစ်ဆက်ဝန်း) ............
အစည်းအဝေး တက်ရောက်သူဦးရေ ။ ကျား ( ၄၅ ) ဦး + မ ( ၆၈ ) ဦး = ( ၁၁၃ ) ဦး
ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

အစည်းအဝေးပြုလုပ်ချိန်။ ။ နေ့လည် ၁း၀၀ နာရီ

ဆွေးနွေးချက် (၁) ။ ။ ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ရွေးချယ်ဖော်ထုတ်နိုင်ရန် အစည်းအဝေး တက်ရောက်သူ ကျေးရွာ လူထုအား အမျိုးသားတစ်ဖွဲ့၊ အမျိုးသမီးတစ်ဖွဲ့ အဖွဲ့များခွဲ၍ အခက်အခဲ အတားအဆီးများ၊ မျှော်မှန်းချက်များ ကို ဖော်ထုတ်စေခဲ့ပါသည်။ ၎င်းတို့ကို အခြေခံ၍ ကျေးရွာ၏ အမှန်တကယ် လိုအပ်နေသော လုပ်ငန်းခွဲများကို ဆက်လက်၍ ဖော်ထုတ်ခဲ့ပါသည်။ ထွက်ပေါ်လာသော ဖွံ့ဖြိုးရေးလုပ်ငန်းခွဲများ ကို ကျေးရွာလူထုမှ မဲစနစ်ဖြင့် မဲပေး၍ ဦးစားပေး ရွေးချယ်ခဲ့ပါသည်။ ရွေးချယ်သတ်မှတ်ထားသော လုပ်ငန်းများမှာ ပုံစံ-စ (၃) တွင် ဖော်ပြထားပါသည်။

ဆွေးနွေးချက် (၂၁)။ ။ ကျေးရွာစီမံခန့်ခွဲမှု ကော်မတီများအား ပြန်လည်
ရွေးချယ်ရန် အစည်းအဝေး တက်ရောက်သူများကို
ပြောရာ ကျေးရွာလူထုမှ ပထမနှစ်စက်ဝန်းတွင်
တာဝန်ထမ်းဆောင်သူများအား ပြန်လည်တာဝန်
ယူရန် သဘောတူ ဆန္ဒပြုကြပါသည်။ ထို့နောက်
တာဝန်ယူမှု၊ တာဝန်ခံမှု နှင့် ပွင့်လင်းမြင်သာမှု
ရှိစေရန် ကျေးရွာစီမံခန့်ခွဲမှု ကော်မတီဝင်များ
တွင် ရှိရမည့် တာဝန်ဝတ္တရားများကို ထပ်မံ၍
ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ကော်မတီဝင်
များမှ အားလုံးကို ကျေးရွာမှ သဘောတူ၍
ဆက်လက် တာဝန်ယူစေချင်သော်လည်း
ကျေးရွာစာရင်းကိုင် ဒေါ်တင်တင်ဝေသည်
ကျန်းမာရေး မကောင်းသည့်အတွက် ဆက်၍
တာဝန်မထမ်းဆောင်နိုင်သည့်အတွက်
ပြန်လည်၍ ရွေးချယ်ခဲ့ပါသည်။ ကျေးရွာ
စာရင်းကိုင် ပြန်၍ ရွေးချယ်ရာတွင်
အဆိုပြုသူ ဦးရဲလွင်ဦး၊ ဦးဝေ၊ ဦးသန်း
တို့အား မဲစနစ်ဖြင့် ပွင့်လင်းမြင်သာမှု
ရှိစေရန် ရွေးချယ်ခဲ့ရာ ဦးရဲလွင်ဦးမှ
မဲအများဆုံးဖြင့် ကျေးရွာစာရင်းကိုင်
ရာထူးအား ရရှိခဲ့ပါသည်။

ဆွေးနွေးချက်များ။

။ ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့မှ ဒေါ်ချောစုခိုင်သည်လည်း မိမိ၏ သဘောဆန္ဒအရ ဆက်၍ မလုပ်ကိုင်လိုတော့သဖြင့် အဆိုပြုသူ သုံးဦးအား မဲပေးရွေးချယ်ခဲ့ပါသည်။ အဆိုပြုသူ ဒေါ်ရွှေ၊ ဒေါ်စန်းစန်းမော်၊ ဒေါ်ချောစုခိုင် တို့မှ ဒေါ်စန်းစန်းမော် သည် မဲအများဆုံးနှင့် ဝေဖန်အကြံပြု တိုင်ကြားချက် ဖြေရှင်းရေး အဖွဲ့ဝင် ဖြစ်ခဲ့ပါသည်။ စောင့်ကြည့်ကြီးကြပ်ရေးမှ ဦးရဲလွင် ဦး သည်လည်း ဆက်၍ လုပ်ကိုင်နိုင်ခြင်း မရှိတော့သဖြင့် အဆိုပြုသူ ဦးအေးမြင့်နိုင်၊ ဦးမျိုးချစ် ဦးသန်းအေး တို့အား မဲပေးရွေးချယ်ခဲ့ရာ ဦးအေးမြင့်နိုင်မှ မဲအများဆုံးနှင့် စောင့်ကြည့်ကြီးကြပ်ရေး ရာထူးကို ရရှိခဲ့ပါသည်။ ကျေးရွာလူထုအား ဆွေးနွေးခဲ့သော အကြောင်းအရာများနှင့် ပတ်သက်၍ မရှင်းလင်းသည်များ ရှိပါက မေးမြန်းပါရန် ပြောကြားရာ ကျေးရွာလူထုက ရှင်းလင်း၍ အားလုံးကို လက်ခံသဘောတူခဲ့ပါသည်။

ဆုံးဖြတ်ချက်။
သဘောတူညီချက်

။ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းခွဲများကို မဲရလဒ်အတိုင်း ဦးစားပေးပြုလုပ်သွားမည် ဖြစ်ကြောင်းကို ကျေးရွာလူထုအားလုံးက သဘောတူလက်ခံ ဆုံးဖြတ်ခဲ့ပါသည်။

ကျေးရွာစီမံခန့်ခွဲမှုကော်မတီတွင် ယနေ့ ရွေးချယ်ခဲ့သော ကော်မတီဝင်အသစ်များမှ လွဲ၍ ကျန်ကော်မတီဝင်များသည် ပထမနှစ် စက်ဝန်းက တာဝန်ထမ်းဆောင်သောကော်မတီ များက ပြန်လည်၍ တာဝန်ထမ်းဆောင်မည် ဖြစ်၍ ကျေးရွာလူထုအားလုံးက သဘောတူ လက်ခံခဲ့ပါသည်။

အစည်းအဝေးကို ညနေ (၄:၀၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်သဇင်မြ
ဘဏ္ဍာရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်) ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊